မုအ်မင်န်သည် လူတို့အား အလွန်ပင်အပြစ်ရှာသူ၊

အလွန်ပင်ကျိန်ဆဲသူ၊ ညစ်ညမ်းသောစကား၊

အရှက်တရားကင်းမဲ့သည့် လုပ်ရပ်တို့ကို ကျူးလွန်သူ

မဟုတ်ပေ။

အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ မုအ်မင်န်သည် လူတို့အား အလွန်ပင်အပြစ်ရှာသူ၊
အလွန်ပင်ကျိန်ဆဲသူ၊ ညစ်ညမ်းသောစကား၊ အရှက်တရားကင်းမဲ့သည့် လုပ်ရပ်တို့ကို
ကျူးလွန်သူ မဟုတ်ပေ။
[صحيح] [رواه الترمذي]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ- လူတို့၏မျိုးရိုးဂုဏ်သိက္ခာကို အလွန်ကဲ့ရဲ့ရှုံ့ချသူ၊များစွာဆဲရေးတိုင်းထွာသူနှင့် အလွန်ကျိန်ဆဲသူ၊ စက်ဆုပ်ဖွယ်ကောင်းသောအပြုအမူနှင့်ရိုင်းစိုင်းသောစကားကို မရှက်မကြောက်ဘဲ ပြောဆိုတတ်သူဖြစ်ခြင်းတို့သည်အီမာန်ပြည့်ဝသောမုအ်မင်န်တစ်ဦး၏အချင်းလက္ခဏာမဟု‌တ်ပေ။

https://sunnah.global/hadeeth/my/show/65869